# ရပ်တည်ရှင်သန်နိုင်ရန် ထောက်ပံ့ငွေ

**မသန်စွမ်းကလေးသူငယ်များအတွက် ရပ်တည်ရှင်သန်နိုင်ရန် ထောက်ပံ့ငွေ (SSI) ထုတ်ပေးမှုများ**

SSI သည် ဝင်ငွေနည်းပါးပြီး ပိုင်ဆိုင်မှုချို့တဲ့သော အမြင်အာရုံချို့ယွင်းသူများ၊ မသန်စွမ်းသူများ၊ သို့မဟုတ် အသက် 65 နှစ် ကျော်လွန်သူများအတွက် လစဉ်ထောက်ပံ့ငွေများကို ထုတ်ပေးလျက်ရှိပါသည်။ သင်၏ အသက် 18 နှစ်အောက် ကလေးသည် လူမှုဖူလုံရေးဆိုင်ရာ စီမံမှုအဖွဲ့က ဖွင့်ဆိုသတ်မှတ်ထားသည့် မသန်စွမ်းကလေးသူငယ်ဟူသော အနက်ဖွင့်ဆိုချက်နှင့် ကိုက်ညီကာ မိသားစုဝင်ငွေနှင့် ပိုင်ဆိုင်မှုသည် ထောက်ပံ့ငွေကို ရယူခံစားခွင့်ရှိရန် သတ်မှတ်ချက်နှင့် ကိုက်ညီပါက ဤထောက်ပံ့ငွေကို လျှောက်ထား ရယူနိုင်ပါသည်။

**မည်သူများ လျှောက်ထားရယူနိုင်သနည်း။**

ရပ်တည်ရှင်သန်နိုင်ရန် ထောက်ပံ့ငွေကို မည်သူမဆို လျှောက်ထားရယူနိုင်ပါသည်။ လျှောက်လွှာကို ပထမဦးစွာ ဝင်ငွေနှင့် ပိုင်ဆိုင်မှုကဲ့သို့ ကျန်းမာရေးနှင့်မသက်ဆိုင်သည့် အချက်များအပေါ် အခြေခံ၍ အကဲဖြတ်မည် ဖြစ်ပါသည်။ ထောက်ပံ့ငွေရယူနိုင်မည့် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ကျန်းမာရေးဆိုင်ရာ ချို့ယွင်းမှုသည် SSI အတွက် ချမှတ်ထားသည့် မသန်စွမ်းမှုသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ကို ဆေးဘက်ဆိုင်ရာ ဆုံးဖြတ်ချက် သုံးသပ်ချမှတ်မည် ဖြစ်ပါသည်။ လျှောက်ထားသူအနေဖြင့် ထောက်ပံ့ငွေကို ရရှိရန်အတွက် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ကျန်းမာရေးနှင့်မသက်ဆိုင်သည့် သတ်မှတ်ချက်များ နှစ်မျိုးလုံးကို ပြည့်မီကြောင်း ပြသနိုင်ရပါမည်။

**ဝင်ငွေနှင့် ပိုင်ဆိုင်မှု**

လူမှုဖူလုံရေးဆိုင်ရာ စီမံမှုအဖွဲ့ (SSA) သည် SSI ထုတ်ပေးရန် ဆုံးဖြတ်ရာတွင် အိမ်တွင် အတူတူနေထိုင်သည့် မိသားစုဝင်အားလုံး၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှုအချို့ကို ထည့်သွင်းစဉ်းစား၍ ဆုံးဖြတ်ပါသည်။ သတ်မှတ်လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ တွက်ချက်ဆုံးဖြတ်ရာတွင် ဝင်ငွေနှင့် ပိုင်ဆိုင်မှု ပမာဏမည်မျှကို ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း SSA အနေဖြင့် ဆုံးဖြတ်သည့်လုပ်ငန်းစဉ်ကို "ပမာဏသတ်မှတ်ခြင်း" ဟု ခေါ်သည်။ ပုံမှန်အားဖြင့် SSA သည် VA ပင်စင်ခံစားခွင့်နှင့် TANF မှ ဝင်ငွေ သို့မဟုတ် နေထိုင်သောအိမ်နှင့် ယာဉ်တစ်စီး ကဲ့သို့သော ပိုင်ဆိုင်မှုကို ထည့်သွင်းတွက်ချက်ခြင်း မပြုပေ။



**မွမ်းမံပြင်ဆင်ချက်**
**11.2022**

ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဝင်ငွေနှင့် ပိုင်ဆိုင်မှု နှစ်မျိုးလုံးအတွက် သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့် ခြွင်းချက်များ အများအပြားရှိသောကြောင့် ရရှိနိုင်ခြင်း ရှိ၊ မရှိ မသေချာပါကလည်း လျှောက်လွှာတင်ရန်အတွက် SSA အနေဖြင့် လူတိုင်းကို အကြံပြုတိုက်တွန်းထားပါသည်။

မိသားစု၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှုသည် များပြားနေသောကြောင့် ကလေးသည် SSI ကို ခံစားခွင့်ရရှိရန် သတ်မှတ်လိုအပ်ချက်နှင့် ပြည့်မီမှုမရှိပါက ကလေး အသက် 18 နှစ် ပြည့်ချိန်တွင် ပြည့်မီနိုင်ပါသည်။ လျှောက်ထားသူသည် အသက် 18 နှစ်နှင့်အထက် ဖြစ်ပါက သတ်မှတ်လိုအပ်ချက်နှင့် ပြည့်မီမှု ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် SSA သည် အခြားမိသားစုဝင်များ၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှုကို ဆက်လက်ထည့်သွင်းစဉ်းစားခြင်း မပြုတော့ပါ။

မိသားစုများအနေဖြင့် အခြေအနေများ ပြောင်းလဲသွားပါက သတ်မှတ်လိုအပ်ချက်နှင့် ပြည့်မီမှု ရှိ မရှိ ကို ပြန်လည်အကဲဖြတ်ခြင်း လုပ်ဆောင်သင့်သည်။

**မသန်စွမ်းမှုဆိုင်ရာ သတ်မှတ်လိုအပ်ချက်ပြည့်မီမှု**

မသန်စွမ်းမှုအတွက် အခြေခံ အနက်ဖွင့်ဆိုသတ်မှတ်ချက်မှာ ခံစားရသူကာယကံရှင်သည် အနည်းဆုံး 12 လ ကြာ ခံစားရမည့်၊ သို့မဟုတ် သေဆုံးသည်အထိ ခံစားရမည့် ကျန်းမာရေးချို့ယွင်းချက် ရှိ၊ မရှိ ဖြစ်သည်။ SSA သည် အရွယ်ရောက်ပြီးဖြစ်သူ၏ အလုပ်အကိုင် ဆောင်ရွက်လုပ်ကိုင်နိုင်စွမ်းကိုလည်း ထည့်သွင်းစဉ်းစားသည်။ ကလေးသူငယ်အတွက်မူ အသုံးပြုသည့် စည်းမျဉ်းများ ကွဲပြားပါသည်။ ကလေးသူငယ်ခံစားနေရသော ကျန်းမာရေးချို့ယွင်းချက်သည် နေ့စဉ်ဘဝလှုပ်ရှားမှုအပေါ် ထိခိုက်ကန့်သတ်မှုများ ရှိ၊ မရှိ ဆုံးဖြတ်သည်။ မည်သည့် မသန်စွမ်းမှုကိုမဆို ထည့်သွင်းစဉ်းစားမှု ပြုနိုင်သည်ဟု ဆိုလိုရင်းပင် ဖြစ်ပါသည်။

ယေဘုယျအားဖြင့် အဖွဲ့အစည်းအနေဖြင့် ကလေးသူငယ်သည် မသန်စွမ်းမှု ရှိ၊ မရှိ ဆုံးဖြတ်ရန်အတွက် ခန့်မှန်းခြေ ရက်ပေါင်း 90 မှ 120 ထိ ကြာမြင့်တတ်သည်။ သို့ရာတွင် ထိုသို့ဆုံးဖြတ်နေစဉ် ကာလအတွင်း ကရုဏာကြေးအဖြစ် သတ်မှတ်ထုတ်ပေးသော SSI ပေးချေမှုများကို ရယူခံစားနိုင်သော အခွင့်အလမ်း ရှိပါသည်။ ဤအစီအစဉ်တွင် SSI ထုတ်ပေးမှုများကို လက်ငင်းရယူနိုင်ပြီး အများဆုံး ခြောက်လအထိ လက်ခံရရှိနိုင်ကာ

ထိုကာလအတွင်း အဖွဲ့အစည်းက ကလေးသူငယ်သည် ထောက်ပံ့ငွေထုတ်ပေးမှုကို ရရှိနိုင်ရန်အတွက် သတ်မှတ်လိုအပ်ချက်များနှင့် ပြည့်မီမှု ရှိ၊ မရှိ ဆုံးဖြတ်မည်ဖြစ်ပါသည်။

ကရုဏာကြေးအဖြစ် သတ်မှတ်ထုတ်ပေးသော အစီအစဉ်အရ ထောက်ပံ့ငွေထုတ်ပေးမှုကို ရရှိနိုင်ရန်အတွက် သတ်မှတ်လိုအပ်ချက်အချို့ကို အောက်တွင်ဖော်ပြထားပါသည် -

- HIV ကူးစက်ခံရခြင်း
- အမြင်အာရုံ လုံးလုံးလျားလျား ဆုံးရှုံးခြင်း
- အကြားအာရုံ လုံးလုံးလျားလျား ဆုံးရှုံးခြင်း
- ဦးနှောက်အကြောသေရောဂါ
- ဒေါင်းဆင်ဒရုန်း
- နာတာရှည် ကြွက်သားကြုံလှီရောဂါ
- ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့ယွင်းမှု (အသက် 7 နှစ် နှင့်အထက် ကလေးသူငယ်)
- မွေးကင်းစကလေးငယ်၏ ကိုယ်အလေးချိန် နှစ်ပေါင်၊ 10 အောင်စအောက် လျော့နည်းခြင်း

ကရုဏာကြေးအဖြစ် သတ်မှတ်ထုတ်ပေးသော အစီအစဉ်အရ ထောက်ပံ့ငွေထုတ်ပေးမှုကို ရရှိနိုင်ရန်အတွက် သတ်မှတ်ထားသည့် ကျန်းမာရေးချို့ယွင်းချက် စာရင်းအပြည့်အစုံကို ဤတွင် ဖတ်ရှုနိုင်ပါသည်-
http://www.ssa.gov/compassionateallowances/conditions.htm

**မည်သို့ လျှောက်ထားရမည်နည်း။**

ဖုန်းဖြင့်လျှောက်ထားမှုအတွက် ချိန်းဆိုရန် သို့မဟုတ် ဒေသန္တရ လူမှုဖူလုံရေးရုံး၌ လူကိုယ်တိုင်တွေ့ဆုံ၍ လျှောက်ထားမှုအတွက် ချိန်းဆိုရန် 1-800-772-1213 ကို ဖုန်းခေါ်ဆိုနိုင်ပါသည်။ ကြိုတင်ချိန်းဆိုထားခြင်းမရှိဘဲ လျှောက်ထားရန်အတွက်လည်း ရုံးသို့ သွားရောက်နိုင်ပါသည်၊ သို့ရာတွင် အဖွဲ့အစည်းကိုယ်စားလှယ်နှင့် တွေ့ဆုံစကားပြောရန်အတွက် စောင့်ဆိုင်းရန် လိုအပ်နိုင်ပါသည်။ ကျေးဇူးပြု၍ ဖုန်းခေါ်ဆိုရာတွင် မိသားစုဝင်များ၏ လူမှုဖူလုံရေးနံပါတ်များကို အဆင်သင့် ရှာဖွေထားပေးပါရန် မေတ္တာရပ်ခံပါသည်။



မွမ်းမံပြင်ဆင်ချက်

11.2022

ရပ်တည်ရှင်သန်နိုင်ရန် ထောက်ပံ့ငွေနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက www.ssa.gov တွင် ဖတ်ရှုလေ့လာခြင်း သို့မဟုတ် 1-800-772-1213 ကို ဖုန်းခေါ်ဆို၍ မေးမြန်းခြင်း ပြုနိုင်ပါသည်။



အစီအစဉ်များနှင့် စနစ်များသည် မကြာခဏ ပြောင်းလဲတတ်သည်။ နောက်ဆုံးပြောင်းလဲမှုနှင့်ကိုက်ညီသည့် သတင်းအချMedicaid Waivers: ဤအချက်အလက်ပြဖယားကို 2022 ခုနှစ်တွင် နောက်ဆုံးအကြိမ် မွမ်းမံပြင်ဆင်ထားပါသည်။ နောက်ဆုံးပြင်ဆင်ထားသည့် မူကို ရှာဖွေဖတ်ရှုနိုင်ရန် https://www.inf2f.org/fact-sheets.html ကို အသုံးပြုပါ။ ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ စီမံရေးအဖွဲ့ (HRSA) ၏ ရန်ပုံငွေထောက်ပံ့မှု တစ်စိတ်တစ်ပိုင်း ပါဝင်သည်။